
### (၂) နေကြာရွက်ခြောက်ရောဂါ (Leaf blight of Sunflower)

**ရောဂါဖြစ်စေသောသက်ရှိ - *Alternariaster helianthi* (Hansf.) E.G. Simmons**

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင်ပုံသဏ္ဍာန် အမှန်မရှိသော အလယ်တွင် ဖြူမွဲရောင် ရှိသည့် ညိုမဲရောင် ကွက်ပြောက်များ ဖြစ်ပေါ်သည်။ ရောဂါရင့်လာ ပါကသေးငယ်သော အမဲရောင်ဒါဏ်ရာကွက်များကို ရွက်ရိုးတံ၊ ပင်စည်နှင့်ပွင့်ဖတ် များတွင်တွေ့ရသည်။ ရွက်ပြောက်များသည် အရွယ်အစားကြီးမားလာပြီးပေါင်းစပ်သွားကာ အရွက်များ ညှိုး၍ တွန့်ခြောက်လာသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- သီးနှံအလှည့်ကျစိုက်ပါ။
- ရောဂါရအပင်အကြွင်းအကျန်များကို မီးရှို့ပါ။
- သီးနှံမစိုက်မီကာလတွင် စိုက်ခင်းမြေအား ထယ်ထိုး၍ နေလှမ်းထားပါ။
- မျိုးစေ့လူးနယ်မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးခြင်းဖြင့် အပင်ငယ် စဉ်ရောဂါကျရောက်ခြင်းမှ ကာကွယ်ပေးသည်။
- ရောဂါကျရောက်ပါက မှိုသတ်ဆေး Chlorothalonil (ကလိုရိုသာ လိုနေးလ်)၊ Mancozeb (မန်ကိုဇက်)၊ Tebuconazole (တက်ဗျူကိုနာဇိုး), Iprodione (အိုင်ပရိုဒီရုန်း) မှိုသတ် ဆေးများအသုံးပြုနိုင်သည်။